ပြည်ဝေလျှံရွှင်
စာအုပ် (၂၄)

# မင်းနိုင်
# မြန်မာ့လက်သနှိုး
# ဗေဒင်ပညာ

B. โหราศาสตร์วิถีเมียนมา

မြန်မာ့လက်ဆန်းပညာ


ပုံနှိပ်မှတ်တမ်း

❧❧❧❧❧

ပုံနှိပ်ခြင်း- ပထမအကြိမ်၊ ၂၀၁၇ခုနှစ်၊ မတ်လ

ထုတ်ဝေ-ပုံနှိပ်သူ-ဦးအောင်သန်း(ထမြ-၀၁၀၆၆) ပြည့်ဝပျော်ရွှင် (ပ-မြ-၀၀၈၈၄) သုမင်္ဂလပုံနှိပ်

အမှတ်(၂၁၃)လမ်း ၈၀၊ ၃၀ × ၃၁လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊

မန္တလေးမြို့။

ကွန်ပျူတာ -အောင်သန်းမင်းနိုင်

အုပ်ရေ - ၅၀၀ အုပ်


**စက္ကူအရော=တန်ဖိုး- တန်ဖိုး၆၅၀၀ကျပ်**

**ဘာမာစက္ကူ=တန်ဖိုး-၂၄၀၀ ကျပ်**


ပြည့်ဝပျော်ရွှင်စာပေတိုက်-မန္တလေးမြို့။

## အပိုင်း(က)
## ပြဿနာဇာတာ

မြန်မာ့ လက်ဆန်း ဗေဒင်အတွက်ဆိုပြီး ရှေးမြန်မာ ပညာရှင်အဆက်ဆက် စုဆောင်းပေးထားခဲ့တဲ့ ဂြိုဟ်ပရိယာယ်တွေအကြောင်း နည်းနည်းပြောပါဦးမယ်။ ပြဿနာဇာတာလို့ ခေါ်တတ်ကြတဲ့ ဗေဒင်ပညာတစ်မျိုး အိန္ဒိယမှာ ရှိပါတယ်။ မေးလာတဲ့ မေးခွန်း တစ်ခုကို ဖြေနိုင်ဖို့အတွက် အဲဒီ မေးလာချိန်ကိုပဲ အခါလဂ်တပ်၊ ဇာတာဖွဲ့ပြီး ချက်ချင်းဟောနိုင်တဲ့ ပညာရပ်တစ်ခုပါ။ ဒီပညာကို မုနိကြီးတွေက ထွင်ပေးထားခဲ့တယ်။ လက်ရိုးဗေဒင်မှာလိုပဲ ဒီပြဿနာဇာတာ ပညာမှာလဲ ရာသီတွေ၊ ဂြိုဟ်တွေ အကုန် ဒီအတိုင်းပဲ ပြန်သုံးပါတယ်။ ဒါပေမယ့် ဂြိုဟ်ပရိယာယ်၊ ရာသီပရိယာယ် ကောက်ယူပုံတွေကတော့ သိပ်မတူတော့ပါဘူး။ နည်းနည်းစီ နည်းနည်းစီ ကွာသွားပါတယ်။ တချို့ ပရိယာယ်တွေက ဒီပညာခွင်မှာ သီးသန့် အသုံးပြုရတဲ့ ပရိယာယ်တွေပါ။

မြန်မာပညာရှင်တွေက ကောင်းကင်ဂြိုဟ်သွားကို သိနေရင်၊ လဂ်တပ်တတ်ရင် မေးသမျှ ချက်ချင်းဟောနိုင်တဲ့ ဒီပညာကို အတော်လေး သဘောကျခဲ့ပုံရပါတယ်။ အတော်လေးလဲ လိုက်စားခဲ့ပုံ ရပါတယ်။ အရင်ကတော့ အိန္ဒိယကအတိုင်းပဲ ဒီမှာလဲ ဂြိုဟ်ကိုးလုံး နဲ့ပဲ သုံးကြပုံရတယ်။ နောက်တော့ ကိတ်ဂြိုဟ်ကို ဖြုတ်ပြီး တနင်္ဂနွေအစ ရာဟုအဆုံး ဂြိုဟ်ရှစ်လုံးကို သုံးခဲ့ကြတယ်။

မဟာကာလကြီးဇာတာရယ်လို့ ရှေးမြန်မာတွေ အမြတ်တနိုးထားခဲ့တဲ့ ဗေဒင်ကိန်းဟာ ဒီပြဿနာ ဇာတာကနေ လာတာပါ။ နောက်ပိုင်းမှာ ပိုပြီးလွယ်တဲ့ အင်္ဂလိပ်ဗေဒင်ပညာ တွင်ကျယ်လာတော့ ဒီမဟာကာလကြီး ပညာဟာ တဖြည်းဖြည်း တိမ်ကောလာတယ်။ သူ့ကို ထီးနန်းပေါ်က ဖယ်ရှားပြီး သူ့နေရာကို ယူလိုက်တဲ့ အင်္ဂလိပ်ဗေဒင်ဆိုတာကလဲ ဂြိုဟ်ပရိယာယ်တွေကိုတော့ သူ့ဆီကပဲ ယူခဲ့ရတာပါ။ ဒီလိုနဲ့ ဒါတွေဟာ မြန်မာ့လက်ဆန်းဗေဒင်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အာဒိအစ မဖြစ်မနေ သင်ယူရတဲ့ ပရိယာယ်တွေ ဖြစ်လာပါတော့တယ်။ ဒါကြောင့် မြန်မာ့လက်ဆန်းအစ ပြဿနာဇာတာကလို့ ပြောနိုင်ပါတယ်။

မြန်မာ့လက်ဆန်းမှာ ဂြိုဟ်ခုနစ်လုံးပဲ သုံးပေမယ့် ရာဟုကို သုံးလေးနေရာလောက်မှာ ထည့်ပြတာ တွေ့ကြရပါလိမ့်မယ်။ ဥပမာ မူလဂြိုဟ်၊ အရပ်အရှင်ဂြိုဟ်ဆိုတာတွေမှာပေါ့လေ။ သက်ရောက်ဂြိုဟ်စားတွေ တွက်တော့ ရာဟုပါမယ်။ မဟာဘုတ်၊ သုံးတန်ပေါ်နိစ် ဘာညာတွေ အကွက်လဲ ရိုက်ကြရော ... ရာဟုက ဘယ်မှာမှ မပါတော့ပါဘူး။

ဂြိုဟ်ရှစ်လုံး သုံးနေရာကနေ ဂြိုဟ်ခုနစ်လုံး သုံးတဲ့စနစ်ကို ကူးလာပြီဆိုတော့ နေရာတိုင်းမှာ ဂြိုဟ်ခုနစ်လုံးနဲ့ပဲ စဉ်းစားတော့မယ်လေ။ တနင်္ဂနွေအစ စနေအဆုံး နေ့ခုနစ်နေ့ပဲ ရှိတာကိုး။ ဒီတော့ ရှစ်လုံးမြောက် ရာဟုကို ဖယ်ထုတ်လိုက်မှာပေါ့။ အိန္ဒိယမှာလဲ နေ့ခုနစ်နေ့ပဲ စဉ်းစားကြပြီဆိုရင် ဒီဂြိုဟ်ခုနစ်လုံးပဲ သုံးကြတာလေ။ ရာဟုကို သုံးပြီဆိုတာနဲ့ ကိတ်ကို မဖြစ်မနေ သုံးကြတယ်။

ဒီတော့ ဒီမှာလဲ ရာဟုကို ဖြည်းဖြည်းချင်း ဖယ်ထုတ်သွားဖို့ စီစဉ်ကြပါလိမ့်မယ်။ ဒါပေမယ့် ရာဟုက မောင်မသွားချင်ဘူးဆိုပြီး ကန့်လန့်ကြီး ကျန်နေရစ်တယ်။ အင်္ဂရိတ်သမားတွေရဲ့ လက်ချက်ပဲလား၊ ဂြိုဟ်တစ်လုံးပိုရင် ဟောချက်ပိုတယ်ဆိုပြီး အကွက်မြင်တဲ့ ဗေဒင်ဆရာက ချန်ထားခဲ့လေသလား။ တစ်ခုခုကတော့ တစ်ခုခုပါပဲ။ မောင်မင်းနိုင် ရာဟုဂြိုဟ်ကြီးနဲ့ လက်ဖက်ရည်သောက် ချိန်းထားပါတယ်။ သူလာရင် မေးကြည့်တာပေါ့လေ။ ထားပါတော့။

မြန်မာ့လက်ဆန်းထဲ ထည့်သွင်းယူထားတဲ့ ပြဿနာဇာတာထဲက ဂြိုဟ်ပရိယာယ်တွေကို မြင်သာအောင် နမူနာလေး ပြရမယ်ဆိုရင် –

- လက်ဝဲ လက်ယာဂြိုဟ်
- ကျွန်ဂြိုဟ် အရှင်ဂြိုဟ်
- ယောကျာ်းဂြိုဟ် မိန်းမဂြိုဟ်
- နဂိုရ်ဂြိုဟ် ယာယီဂြိုဟ်

ဒီလိုဟာလေးတွေဟာ အဲဒီပြဿနာဇာတာမှာ သီးခြားယူသုံးတဲ့ ပရိယာယ်တွေကနေ တိုက်ရိုက်ကူးယူထားတာပါ။ တနင်္ဂနွေ အပေါ်ရုံပုဆိုး၊ အင်္ဂါ မီးလောင်ပုဆိုးဆိုတာတွေကလဲ အဲဒီပြဿနာဇာတာပညာခွင်ထဲကဟာတွေပါ။

လက်ရိုးမှာယူထားတဲ့ ဂြိုဟ်ပရိယာယ်တွေကိုလဲ ထိုက်သင့်သလို ယူထားပါသေးတယ်။ တနင်္ဂနွေ အတ္တ၊ တနင်္လာ စိတ်၊ အင်္ဂါ ခွန်အား စသဖြင့် ပြထားတာကို ယူတယ်၊ ယူရာမှာ အတ္တဆိုတာ ဟိန္ဒူ အတွေးအခေါ်အရ ဝိညာဉ်ကောင်လေးကို ပြောနေတာပါ။ ဒီတော့ ဗုဒ္ဓသာသနာတော်နဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်နေတဲ့အတွက် အတ္တဆိုတာကို တချို့နေရာတွေမှာ ခန္ဓာကိုယ်အဖြစ် ယူပြတယ်။ တချို့နေရာ တွေမှာ တနင်္ဂနွေကို စိတ်အဖြစ်ပြပြီး တနင်္လာကို စိတ်ရဲ့လှုပ်ရှားခြင်းလို့ ပြထားပါတယ်။ တနင်္ဂနွေ အရိုး၊ တနင်္လာ သွေး၊ အင်္ဂါ ခြင်ဆီဆိုတာ တွေက အာယုဗ္ဗေဒမှာ ယူတဲ့ ပရိယာယ်တွေပါ။ တနင်္ဂနွေ ကြေးနီ၊ တနင်္လာ ပတ္တမြား၊ အင်္ဂါ ရွှေဆိုတာတွေက တန္တရ ကျမ်းတွေထဲကပါ။ဂြိုဟ်ပရိယာယ်တွေမှာ ပြဿနာဇာတာ ပညာကို မူရင်းထားပြီး ကျမ်းတကာကျမ်းထဲက ထုတ်ယူသွားတာ အဲသလို တွေ့ရပါလိမ့်မယ်။

**“ငါတို့ လက်ဆန်းဆိုတာ လက်ရိုးနဲ့ တူတာ မဟုတ်ဘူးကွ၊ လက်ဆန်းက ဂြိုဟ်ပရိယာယ်တွေကို ကြည့်စမ်းပါ။ လက်ရိုးနဲ့ ဘာမှမဆိုင်ပါဘူး။”** လို့ လူထုထုရှိလာရင် ထထပြောတတ်တဲ့ လက်ရိုးကျမ်း ကျေအောင် သင်ဖူးပါတယ်ဆိုတဲ့ လက်ဆန်းဆရာကြီးတွေလဲ ခုလောက်ဆို သဘောတွေပေါက်ပြီး ဘဝင်တွေကျလောက်ပြီ ထင်ပါ့ဗျာ။ ပိုပြီး ဘဝင်ကျချင်ရင် ဒီစာအုပ် နောက်ဆုံးမှာ ပါတဲ့ ဂြဟစိန္တာကျမ်းကိုလဲ ဖတ်ကြည့်လိုက်ပါဦး။

အဲဒီမှာ ထူးခြားတာ တစ်ခု ပြောပြပါဦးမယ်။ မုနိကြီးတွေဟာ ဂြိုဟ်တွေရဲ့ အင်အား မြေပြင်ပေါ်ကျရောက်ပုံ၊

အဲဒီအင်အားကို မြေပြင်က ပြန်တုံ့ပြန်ပုံ ဒါတွေကို ကောင်းကောင်း သိထားပါတယ်။ ဒီလိုသိထားတော့ နေရာတွေ၊ လူမျိုးတွေ၊ သက်ရှိ သက်မဲ့တွေ အကုန်လုံး ကို သက်ဆိုင်ရာ ဓါတ်တွေရဲ့ သဘာဝအရ စနစ်တကျ ခွဲခြမ်း စိတ်ဖြာပြီး အသုံးပြုကြပါတယ်။ ဒါကို မြန်မာပညာရှင်တွေက အားကျတယ်။ မှီနိုင်သလောက် အတုယူတယ်။

နမူနာ ပြပါ့မယ်။ တနင်္ဂနွေ ဂဠုန်၊ တနင်္လာ ရှမ်း၊ အင်္ဂါ တလိုင်း၊ ဗုဒ္ဓဟူး ကဒူး၊ ကြာသပတေး ဗမာ၊ သောကြာ ကသည်း၊ စနေ ကုလား၊ ရာဟု တရုတ်။ အဲဒါ မြန်မာကြီးတွေက ဂြိုဟ်တွေရဲ့ပရိယာယ်နဲ့ သက်ဆိုင်ရာ လူမျိုးတွေရဲ့အကျင့်စရိုက်တွေအလိုက် လေ့လာ မိသမျှအပေါ်မှာ သတ်မှတ်ထားခဲ့တဲ့ ဂြိုဟ်တွေနဲ့ လူမျိုးတွေပါ။ သောကြာ ကသည်းဆိုတာ အရင်ခေတ် မြန်မာမင်းတွေနဲ့ ဒီကသည်းတွေ နေထိုင်ရာ အာသံ မဏိပူရနယ်တွေနဲ့ အဆက်အဆံ ရှိနေတာကိုး။ ဒီနေ့ခေတ်မှာတော့ သူဟာ အိန္ဒိယရဲ့ ပြည်နယ်တစ်ခုပဲလေ။ ဒီတစ်ချက် ကို ကြည့်လိုက်တာနဲ့ သူတို့ဟာ သူတို့ ဆက်ဆံနေရတဲ့ လူမျိုးခြားတွေကို သူတို့ နားလည်သလို မြင်မိသလို ဆီလျော်ကိုက်ညီမယ် ထင်ရတဲ့ ဂြိုဟ်တစ်လုံးနဲ့ ကပ်ပေးလိုက်တယ်ဆိုတာ ထင်ရှားနေတာပါပဲ။ ဓါတ်သဘာဝကို မြင်လို့ သိလို့ သတ်မှတ်ခဲ့ကြတာ မဟုတ်ဘူးဆိုတာ ဒီနားမှာ ထပ်ပြီး အသေမှတ်လိုက်ပါဦး။

အဲဒီထဲက တလိုင်းဆိုတာ မွန်လူမျိုးကို ပြောနေတာပါတဲ့။ တေလင်္ဂနာက လာတဲ့ တလိုင်းနဲ့ မွန်လူမျိုး ဘာမှ မဆိုင်ဘူးဆိုတာ ကျွန်တော် ပြောခဲ့ပြီးပါပြီ။ စနေ ကုလားဆိုတာ အနောက်တိုင်းက အသားဖြူမျိုးအားလုံးကို ပြောချင်တာပါ။ ဒါကြောင့်လဲ ဆရာစံရဲ့ အလံမှာ အင်္ဂလိပ်ဆိုတဲ့ နဂါးကို ဂဠုန်က ဘယ်လို သုတ်တယ်ဆိုလားပဲ။ ခက်တာက တနင်္ဂနွေ ဂဠုန် ဂျွမ်းလူမျိုးဆိုတာ ဘယ်လူမျိုးကို ပြောတာလဲ ကျွန်တော် ခုထိ မသိသေးတာပါပဲ။ ဆရာစံကပဲ ဂျွမ်းလူမျိုးလား မသိ။ ဒီနေ့ ခေတ်မှာကျတော့ စနေဆိုတာ ဟိုလူမျိုး တဲ့ဗျာ။ အဲဒီဟိုလူမျိုးဆိုတာ ဘာလူမျိုးလဲ ကျွန်တော် မသိ။ ဟို ဆိုတော့ တရုတ်မျိုးထဲက ထင်ပါရဲ့။ ဗေဒင်ဆရာတွေနဲ့ သမိုင်းဆရာ တွေကို ဒီဂျွမ်းမျိုးနဲ့ စနေမျိုးကိစ္စ ပြဿနာ ရှာဖို့ အသေအချာ တေးပြီး မှတ်ထားပါတယ်။ တွေ့လို့ကတော့ ကျွန်တော့်ကို လက်ဖက် ရည်တိုက်ရပြီး အရစ်ခံရမယ်သာ မှတ်။

ကျွန်တော် ရိုးရိုးသားသား မြင်မိသလောက်ကတော့ ဒီပရိယာယ်တွေဟာ မုနိကြီးတွေလို ဓါတ်သဘောတွေနဲ့ ခွဲခြားတာ မဟုတ်ပဲ  တခြားလူမျိုးစုတွေကို ကိုယ်က ဘယ်လို အဆင့်အတန်းမှာ ထားသလဲဆိုတာကိုပဲ ပြနေတယ်လို့ မြင်မိတာပါပဲ။ ကျွန်တော်မှားရင် ခွင့်လွှတ်ကြပါ။ သေချာတာကတော့ တစ်ချိန်ချိန်မှာ ဒီမြန်မာတွေရဲ့ လူမျိုး သတ်မှတ်ချက် ဗေဒင်ပရိယာယ်ဟာ

သမိုင်းရဲ့ အစစ်အဆေး ခံရမယ်ဆိုတာပါပဲ။

ပြဿနာဗေဒတာပညာ အကြောင်းဆက်ပြောပါဦးမယ်။ မြန်မာ့ လက်ဆန်းဗေဒင်ဟာ ပြဿနာဗေဒတာပညာက လာတယ်ဆိုတာ ပြောပြီးပါပြီ။ ဒီပညာမှာ နိမိတ်ကောက်တာကို မဖြစ်မနေ လုပ်ရပါတယ်။ အဲဒီကနေပြီး မြန်မာပြည်ထဲကို နိမိတ်ကောက်တဲ့ ပညာ ရောက်လာရတော့တယ်။ နိမိတ်ကောက်တာကို ကျွန်တော်တို့တတွေ ဘယ်လောက်ထိ ကြိုက်သလဲဆိုရင် သူ့ကိုက သီးခြား ပညာရပ်တစ်ခု ဖြစ်သွားတော့တယ်။

ရှေးမြန်မာဗေဒင်ကျမ်းတွေမှာ ဗေဒင်ဆရာရှေ့ ရောက်သူကို အနုစိတ် ဝေဖန်ပြီး နိမိတ်ကောက်ရတဲ့ နည်းတွေကို ရေးထားတဲ့စာတွေများ ဖတ်ဖူးကြမလား မသိ။ ညာဘက်ပေါင်ကို စမ်းရင်း မေးလာရင် အဲဒီလူဟာ သားဦးယောကျ်ား လေးရမယ်၊ ဘယ်ဘက်ပေါင်ကို စမ်းပြီးမေးလာရင် နောက်ထပ်မွေးမယ့်ကလေးဟာ ယောကျ်ားလေး ဖြစ်မယ်ဆိုတာမျိုးတွေလေ.... ဒါတွေရဲ့ အရင်းမူလဟာ မုနိရသေ့ကြီးတွေရဲ့ ပြဿနာဗေဒတာ ပညာထဲက နိမိတ်ခန်းတွေကို ဘာသာပြန်ထားတဲ့ဟာတွေပါပဲ။ နောင်မှာ မြန်မာပညာရှိတွေက နိမိတ်ကောက်တာကိုပဲ သီးခြားပညာရပ်တစ်ခုအဖြစ် ပြုစုပျိုးထောင်ယူလိုက်ကြတာ ဖြစ်တယ်။

ပြဿနာဗေဒတာမှာ မဖြစ်မနေ နိမိတ်ကောက်ရတဲ့အတွက် မြန်မာ့လက်ဆန်းကလဲ မဖြစ်မနေ နိမိတ်ကောက်ရတယ်။ ဒါကြောင့်လဲ ဗေဒင်မေးသူရဲ့ ပါးစပ်က "ကျွန်မရဲ့ လင်" လို့ ပြောလိုက်တာနဲ့ လင်ကနေ ယ.ရ.လ.ဝ ဗုဒ္ဓဟူးဆိုပြီး ဗုဒ္ဓဟူးကို တန်းကြည့်ဖို့ ဆရာတွေက သင်ပေးကြတာ ဖြစ်တယ်။ ကျွန်မရဲ့ အိမ်ထောင်ဖက်တို့၊ ကျွန်မရဲ့ အမျိုးသားတို့ဆိုရင်တော့ အင်္ဂါဂြိုဟ်ကိုပဲ ကြည့်ခိုင်းတယ်။

ဟိုတလောက မြန်မာ့လက်ဆန်းဗေဒင်မှာ နံသင့်ကောက်တာတွေ 'လုံး၀' မလုပ်ပဲ ဂြိဟကာရကတွေနဲ့ ကောက် သင့်တယ် ဆိုတဲ့ ပြဿနာ တက်ဖူးတယ်။ ပြဿနာဗေဒတာ ပညာကနေ ဆင်းသက်လာတဲ့ မြန်မာ့လက်ဆန်းဟာ မဖြစ်မနေ နိမိတ်ကောက်ရတဲ့ ပညာဖြစ်လို့ နေရာတကာမှာ ဂြိဟကာရကနဲ့ ကောက်တာကို ကျွန်တော် လက်မခံပါ။ ပြီးတော့ နံသင့်ကောက်တာဟာ မြန်မာပြည်မှာ နှစ်ပေါင်းများစွာ တည်ခဲ့ တာ ဖြစ်တယ်။ မြန်မာပညာရှင်တွေဟာ နံသင့်ကောက်ပြီး မျိုးဆက်ပေါင်းများစွာကို ကယ်ဖူးတယ်။ ဒီတော့ နံသင့်ကောက်တာကို ပယ်ချင်ရင် သေွးတွေ ဖောက်ထုတ်ပစ်မှ ရနိုင်မယ်။ နောက်ဆုံးတစ်ခုက ဘာလဲဆိုတော့ ရှေ့မှာ ပြောခဲ့သလို တန္တရ မန္တရ ဝိဒက အက္ခရာတွေကို

ဂြိုဟ်တွေ အမျိုးမျိုးနဲ့ ကပ်ပြီး ကစားခဲ့တယ်။ မြန်မာပညာရှိများက ဒါကို နည်းမျိုးစုံနဲ့ တွန်းလှန် တိုက်ဖျက် ပြီး အသင့်လျော်ဆုံးဖြ ဒီအက္ခရာတွေနဲ့ ဂြိုဟ်တွေကို ချန်ထားပေးခဲ့တာ ဖြစ်တယ်။ သူတို့ ဉာဏ်ကို ကျော်နိုင်မှ ပြင်ဆင်သင့် တယ်။ ကျွန်တော်တော့ မဂေ မကျော်ရဲပါ။ လက်ရိုးမှာ နံသင့် ကောက်ရင် ကျွန်တော် ရှေ့ဆုံးက တားပါမယ်။ လက်ဆန်းမှာ နံသင့်မကောက်ရင်လဲ ကျွန်တော် ရှေ အော်ပါ့မယ်။ လက်ဆန်းမှာ နံသင့်ကောက်တာကို ကျွန်တော် အမြတ်နိုးဆုံးပါပဲ။

နံသင့်ကောက်တာနဲ့ ပတ်သက်ပြီး မြန်မာလက်ဆန်းဆရာ အတော်များများက လက်ရိုးသမားတွေနဲ့ စကားပြောဂြ အလိုလိုနေရင်း သိမ်ငယ်တတ်ကြရှာတာ ကျွန်တော် သတိထားမိတယ်။ ဒီနေ့က စပြီး ရင်ကော့ လက်မထောင်ပြီး ဂုဏ်ယူလိုက်ကြ

ပြည့်ဝပျော်ရွှင်စာပေတိုက် - မန္တလေးမြို့။